# မိသားစုစာ

Karyn Burns ABCs
The ABCs of S.T.E.M.
Student of the Week

လေးစားအပ်ပါသော မိသားစုများ။

ယခုနှစ်တွင် ကျွန်ုပ်တို့၏ စာသင်ခန်းသည် The ABCs of S.T.E.M. Student of the Week အစီအစဉ်တွင် ပါဝင်ရန် စိတ်လှုပ်ရှားနေပါသည်။

The ABCs of S.T.E.M. သည် S.T.E.M (သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သင်္ချာကို ဆိုလိုသည်) ၏ သဘောတရားများ ကို ကလေးများ၊ ၎င်းတို့၏ မိသားစုများနှင့် ချစ်ခင်သူများကို မိတ်ဆက်ပေးရန် ရိုးရှင်းပြီး ပျော်စရာကောင်းပြီး ဆွဲဆောင်မှု ရှိသော နည်းလမ်းတစ်ခုဖြစ်သည်။

The ABCs of S.T.E.M Student of the Week အတွေ့အကြုံကို ခံစားဖို့ရန် လိုအပ်သည့် ပစ္စည်းကိရိယာအားလုံး ဤအိတ်ထဲမှာ ပါဝင်ပါသည်။ ဤကတ်၏နောက်ကျောရှိ လမ်းညွှန်ချက်များနှင့် Student of the Week ပိုစတာကို သင့်လမ်းညွှန်အဖြစ် အသုံးပြုကာ၊ ရက်သတ္တပတ် တစ်လျောက် သင်နှင့် သင့်မိသားစု အချိန်ဇယား နှင့် အသင့်တော်ဆုံးနှုန်းဖြင့် ကွဲပြားခြားနားသော လုပ်ဆောင်ချက်များကို အတူတကွ ခံစားလိုက်ပါ။ နေ့တိုင်း၊ သင့်ကျောင်းသားအား သူတို့၏လုပ်ဆောင်ချက်များကို သူတို့၏ ပိုစတာပေါ်တွင် မှတ်တမ်းတင်ခိုင်းပါ။

ဖြည့်သွင်းပြီးသော The Student of the Week ပိုစတာများကို သီတင်းပတ်ကုန်တွင် စာသင်ခန်းသို့ ပြန်လည်ပေးပို့ရမည် ဖြစ်သည်။ ထို့နောက် သင့်ကျောင်းသားသည် ၎င်းတို့၏ ဖြည့်သွင်းပြီးသော The Student of the Week ပိုစတာကို အသုံးပြု၍ ၎င်းတို့၏ ရက်သတ္တပတ် The ABCs of S.T.E.M. မိသားစု ပျော်ရွှင်ဖွယ်ရာများကို အတန်းတစ်တန်းလုံးအား တင်ပြသွားမည် ဖြစ်သည်။ ဤအိတ်ထဲတွင် ပါဝင်သည့် ကျန်ရှိသောပစ္စည်းများသည် သင်တို့ သိမ်းဆည်း အသုံးပြုရန်အတွက်ဖြစ်သည်။

သင်၏ပံ့ပိုးမှုအတွက် ကျေးဇူးတင်ပါသည်။ The ABCs of S.T.E.M အကြောင်းပိုမိုလေ့လာလိုပြီး ပရိုဂရမ်နှင့်ပတ်သက်သည့် နောက်ထပ်အမိက ရင်းမြစ်များကို ဝင်ရောက်ကြည့်ရှုလိုပါက၊ ပရိုဂရမ်အကြောင်း မိတ်ဆက် ဗီဒီယိုတစ်ခုအတွက်  QR ကုဒ်ကို စကင်န်ဖတ်ပါ။

ကျွန်ုပ်ကို စကင်န်ဖတ်ပါ။

**ရက်သတ္တပတ်၏အဆုံးတွင်၊ ကျေးဇူးပြု၍ သင့်ကျောင်းသားအား ၎င်းတို့၏ ဖြည့်သွင်းပြီးသော Student of the Week ပိုစတာဖြင့် ကျောင်းပြန်တက်ပါစေ။ ကျန်ရှိသောပစ္စည်းများသည် သင်တို့ သိမ်းဆည်းထားရန်အတွက်ဖြစ်သည်။**

Copyright 2023 Karyn Burns ABC's All Rights Reserved.

Karyn Burns ABCs
The ABCs of S.T.E.M.
Student of the Week

# လမ်းညွှန်ချက်များ

**သင်၏ Student Take Home Bag တွင်ပါရှိသောပစ္စည်းများကို အသုံးပြု၍ အောက်ပါလုပ်ဆောင်ချက်တစ်ခုစီကို ပြီးအောင်လုပ်ပါ။ သင်၏ Student of the Week ပိုစတာတွင် လုပ်ဆောင်ချက်အားလုံးကို မှတ်တမ်းတင်ပါ။ လုပ်ဆောင်ချက်များကို နေ့စဉ် သို့မဟုတ် သင့်အချိန်ဇယား နှင့် အသင့်တော်ဆုံးနှုန်းဖြင့် ပြီးမြောက်နိုင်ပါသည်။**

## လုပ်ဆောင်ချက် ၁။ The ABCs of STEM အစာစားချိန်

လမ်းညွှန်ချက်များ။ ထမင်းစားချိန်အတွင်း The ABCs of STEM အောက်ခံအပြားတွင် သင့်၏ပထမအမည်တွင်ပါသော စာလုံးများကိုရှာပါ။ အခြားသူများအားလည်း သူတို့၏အမည်များကို ရှာခိုင်းပါ။ သင်၏ Student of the Week ပိုစတာထဲမှ အပိုင်း ၁ ကို ဖြည့်ပါ။

ပစ္စည်းများ။ The ABC's of STEM အောက်ခံအပြား၊ Student of the Week ပိုစတာ

## လုပ်ဆောင်ချက် ၂။ The ABCs of STEM စာဖတ်ခြင်း

လမ်းညွှန်ချက်များ။ မိသားစုဝင် သို့မဟုတ် သူငယ်ချင်းတစ်ဦးနှင့်အတူ The ABCs of STEM စာအုပ်ကိုဖတ်ပါ။ သင်၏ Student of the Week ပိုစတာထဲမှ အပိုင်း ၂ ကို ဖြည့်ပါ။

ပစ္စည်းများ။ The ABC's of STEM စာအုပ်၊ Student of the Week ပိုစတာ

## လုပ်ဆောင်ချက် ၃။ The ABCs of STEM ဂိမ်း

လမ်းညွှန်ချက်များ။ မိသားစုဝင် သို့မဟုတ် သူငယ်ချင်းတစ်ဦးနှင့်အတူ The ABCs of STEM ကတ်ဂိမ်းကို ကစားပါ။ သင်၏ Student of the Week ပိုစတာထဲမှ အပိုင်း ၃ ကို ဖြည့်ပါ။

ပစ္စည်းများ။ The ABC's of STEM ကတ်ဂိမ်း၊ Student of the Week ပိုစတာ

## လုပ်ဆောင်ချက် ၄။ The ABCs of STEM လုပ်ဆောင်ချက်

လမ်းညွှန်ချက်များ။ ABC's STEM Experiments and Activities(စမ်းသပ်မှုများနှင့် လုပ်ဆောင်ချက်များ)အိတ်မှ စမ်းသပ်မှု သို့မဟုတ် လုပ်ဆောင်ချက်ကို လုပ်ဆောင်ပါ သို့မဟုတ် သင့်ကိုယ်ပိုင်အား လုပ်ဆောင်ပါ။ သင်၏ Student of the Week ပိုစတာထဲမှ အပိုင်း ၄ ကို ဖြည့်ပါ(၎င်းတွင် အပိုင်း ၂ ပိုင်းရှိပါသည်)။

ပစ္စည်းများ။ ABC's STEM Experiments and Activities(စမ်းသပ်မှုများနှင့် လုပ်ဆောင်ချက်များ)အိတ်၊ Student of the Week ပိုစတာ

မှတ်ချက်။ အချို့သောလုပ်ဆောင်ချက်များသည် အပိုပစ္စည်းများ လိုအပ်နိုင်သည်၊ ကျေးဇူးပြု၍ ပါဝင်သည့် လှုပ်ရှားမှုများကို ကြည့်ပါ။

**ရက်သတ္တပတ်၏အဆုံးတွင်၊ ကျေးဇူးပြု၍ သင့်ကျောင်းသားအား ၎င်းတို့၏ ဖြည့်သွင်းပြီးသော Student of the Week ပိုစတာဖြင့် ကျောင်းပြန်တက်ပါစေ။**

Copyright 2023 Karyn Burns ABCs. All Rights Reserved.

Burmese